UMG Sales & Marketing Dep

REPUBLIC OF THE UNION OF MYANMAR

REVENUE STAMP

၂၅၀ကျပ် K 250

( ၁ )

# "မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit**

**(SO No. MYK-BSO-UNT-2024-10-0001)**

**(Sr No. )**

**Contract No. WF-MS-182/2025**

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် မြိတ်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of Winning Way Co., Ltd.)
အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့် ရွှေပြည်တန်လမ်း၊
သာကေတရပ်ကွက်၊ မြိတ်မြို့။

မီးစက်ဝယ်ယူသူ ။ ။ ဦးစံမြင့် (ဘ) ဦးဝင်းကြည်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၆/မအရ(နိုင်)၀၄၀၇၂၂
လုပ်ငန်းအမည် – MYEIK SHOPPING CENTER
လိပ်စာ – မြန်အောင်ရပ်ကွက်၊ မြိတ်မြို့။
ဖုန်း– ၀၉–၅၁၁၈၄၆၀။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ မီးစက် ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit အတွက် တန်ဖိုးငွေ USD –35,700/- (USD – Thirty Five Thousand and Seven Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed CIF Yannong နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်" ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

CamScanner

REPUBLIC OF THE UNION OF MYANMAR

REVENUE STAMP

၂၅၀ကျပ်  K 250



၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား နှစ်နှစ် (သို့မဟုတ်)နာရီပေါင်း (၂,၀၀၀) ရောက်အသုံးပြုပြီးသည်အထိအာမခံပါသည်။ ရောက်သည့်နေ့ဆိုသည်မှာ စတင်လွှဲပြောင်းချိန်မှစ၍ နှစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၂,၀၀၀) ပြည့်သည့်ကာလ (နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်များပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီဝန်ထမ်းများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၇။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit အတွက် ပထမအရစ်ကျငွေအဖြစ်တန်ဖိုးငွေ USD –25,700/- (USD – Twenty Five Thousand and Seven Hundred Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် (၉–၁၀–၂၀၂၄) ရက်နေ့တွင် (RV No. HQT-RV-2024-10-0225) (၂၆–၃–၂၀၂၅) ရက်နေ့တွင် (RV No. WW-RV-25030037) တို့ဖြင့် ရောင်းချသူ၏ မြို့တ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit အတွက် ဒုတိယအရစ်ကျငွေအဖြစ်တန်ဖိုးငွေ USD –8,000/- (USD – Eight Thousand Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ မတ်လ မီးစက်မလွှဲမှီအချိန်တွင် ရောင်းချသူ၏ မြို့တ်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

၉။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-440PS (Silent Type) 400KVA (1) Unit အတွက် ကျန်ငွေ USD –2,000/- (USD – Two Thousand Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ မတ်လ မီးစက်လွှဲပြောင်းပြီး (၁၄)ရက်ကြာချိန်တွင် ရောင်းချသူ၏ မြို့တ်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၁၀။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၅ ခုနှစ် ၊ မတ်လ တွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးပါမည်။

၁၁။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် K 250



ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| <u>မီးစက်ရောင်းချသူ</u> | <u>မီးစက်ဝယ်ယူသူ</u> |
| --- | --- |
| (signed) 10/9/25 ZMM | (signed) |
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးစံမြင့် (၆/မအရ(နိုင်)၀၄၀၇၂၂) |
| (for and on behalf of Winning Way Co.,Ltd.) | ( MYEIK SHOPPING CENTER ) |

<u>အသိသက်သေများ</u>

| | | | |
| --- | --- | --- | --- |
| လက်မှတ် | - (signed) | လက်မှတ် | - (signed) |
| အမည် | - အိမ့်ယမုံထွန်း | အမည် | - Daw Aye Mar Kyi |
| နသေအမှတ် | - ၈/ပခက(နိုင်)၂၈၇၄၁၈ | နသေအမှတ် | - [illegible] |
| နေရပ် | - အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊ သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။ | နေရပ် | - [illegible] |

လက်မှတ် - (signed)
အမည် - ဒေါ်မွန်မွန်ဦး
နသေအမှတ် - ၈/ပခက(နိုင်)၂၆၂၀၄၁
နေရပ် - အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊ သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။

CamScanner